# သီရိလင်္ကာနိုင်ငံဆိုင်ရာအချက်အလက်များ

## နောက်ခံသမိုင်း

၁။ ဘီစီ(၆)ရာစုတွင် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ဆင်ဟာလီ (Sinhalese) လူမျိုးများသည် သီရိလင်္ကာနိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့ကြသည်။ ဘီစီ (၃)ရာစု အလယ်ခန့်တွင် ဗုဒ္ဓဘာသာအားစတင်ကိုးကွယ်လာခဲ့ကြပြီး မြို့တော်များဖြစ်သော Anuradhapura နှင့် Polonnaruwa တို့တွင် ယဉ်ကျေးမှုအဆင့်အတန်း အလွန် တိုးတက်ခဲ့ပါသည်။ (၁၄)ရာစုတွင် တောင်အိန္ဒိယမင်းဆက်သည် တမီးဘုရင့် နိုင်ငံတော်ကို သီရိလင်္ကာနိုင်ငံတောင်ဘက်ပိုင်းတွင် တည်ထောင်ခဲ့သည်။ (၁၆)ရာစု တွင် ပေါ်တူဂီလူမျိုးများသည် သီရိလင်္ကာကျွန်း၏ ကမ်းရိုးတန်းဒေသအား ထိန်းချုပ်ခဲ့ပြီး ပြင်သစ်လူမျိုးများမှ (၁၇)ရာစုတွင် ထိန်းချုပ်ကွပ်ကဲခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ထိုသီရိလင်္ကာကျွန်းအား ဗြိတိသျှလက်အောက်သို့ ပေးအပ်လိုက်ရပြီး ၁၈၀၂ ခုနှစ်တွင် ဗြိတိသျှကိုလိုနီအဖြစ် ကျရောက်ခဲ့သည်။ ၁၈၁၅ခုနှစ်ထိ ဗြိတိသျှ၏ အုပ်ချုပ်မှုအောက်တွင် Ceylon အမည်ဖြင့် တရားဝင်စုစည်းတည်ထောင်ခဲ့သည်။ ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၇၂ခုနှစ်တွင် သီရိလင်္ကာဟု အမည် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ လူများစုဖြစ်သော ဆင်ဟာလီလူမျိုးများနှင့် ခွဲထွက်ရေး ဝါဒီများဖြစ်သော တမီးလူမျိုးများအကြားအားပြိုင်မှုမှသည် ၁၉၈၃ ခုနှစ်တွင် စစ်ဖြစ်ပွားခဲ့သည်။ ဆယ်စုနှစ် နှစ်ခုကြာအောင်တိုက်ခိုက်ခဲ့ကြပြီးနောက် ၂၀၀၂ခုနှစ်၊ ဖေဖော်ဝါရီလတွင် နော်ဝေနိုင်ငံ၏ ငြိမ်းချမ်းရေးကြားဝင်စေ့စပ်မှုဖြင့် အစိုးရနှင့် တမီး လွတ်မြောက်ရေးကျားသူပုန်ကြားတွင် တရားဝင်အပစ်အခတ်ရပ်စဲရေးရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အစိုးရနှင့် တမီးလွတ်မြောက်ရေးသူပုန်များအကြား အကြမ်းဖက်မှု များသည် ပြင်းထန်လာခဲ့သည်။ သို့သော် ၂၀၀၇ခုနှစ်တွင် အစိုးရသည် အရှေ့ခြမ်း ပြည်နယ်များကို ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၀၉ခုနှစ်၊မေလတွင် တမီးလွတ်မြောက်ရေး သူပုန်အဖွဲ့၏ အကြွင်းအကျန်များကို အပြီးတိုင်ချေမှုန်းနိုင်ခဲ့သည်။ ထိုပဋိပက္ခများ ပြီးဆုံးချိန်မှစ၍ အစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၏ အစီအစဉ် တစ်ရပ်ကို ဥပဒေထုတ်ပြန်ခဲ့သည်။ စီမံကိန်းအများစုမှာ တရုတ်အစိုးရ၏ ချေးငွေဖြင့် လည်ပတ်ခဲ့ပါသည်။ တိုင်းပြည်၏စီးပွားရေးအား ကြိုးစားအားထုတ်၍ ပြန်လည်

တည်ဆောက်နေသည့်အပြင်အစိုးရသည် ပြည်တွင်းစစ်၏ နောက်ဆုံးကာလအတွင်း တိမ်းရှောင်ထွက်ပြေးနေခဲ့ရသော ၉၅ ရာခိုင်နှုန်းထက်ပိုသော အရပ်သားများအား ပြန်လည်နေရာချထားပေးခဲ့ပြီး အစိုးရတပ်ဖွဲ့များမှဖမ်းဆီးထားသော တမီးသူပုန် စစ်သည်အများစုအား ပြန်လွှတ်ပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် အငြင်းပွားဖွယ် နိုင်ငံရေးအရ ခက်ခဲသောအကြောင်းအရာများတွင် အနည်းငယ်တိုးတက်မှုများ ရှိလာပါသည်။



## ပထဝီဝင်

၂။ သီရိလင်္ကာနိုင်ငံ (ယခင်က Ceylon) သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အိန္ဒိယတောင်ပိုင်းတွင်တည်ရှိသော သေးငယ်သောကျွန်းနိုင်ငံဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် သစ်တောများဖုံးလွှမ်း၍ တောတောင်သဘာဝသာယာလှပပြီး ရှည်လျားသောကမ်းရိုးတန်းများဖြင့် သဘာဝကျစွာတည်ရှိသည်။ နိုင်ငံ၏ဧရိယာအကျယ်အဝန်းမှာ ၆၅,၆၁၀ စတုရန်းကီလိုမီတာရှိပြီး ကုန်းမြေဧရိယာ ၆၄,၆၃၀ စတုရန်းကီလိုမီတာနှင့် ရေပိုင်နက် ၉၈၀ စတုရန်းကီလိုမီတာ ဖြစ်သည်။

## ပါလီမန်

၃။ သီရိလင်္ကာနိုင်ငံ၏ပါလီမန်သည် ပါလီမန်တစ်ရပ်စနစ်(Unicameral)ကျင့်သုံးပြီး ကိုယ်စားလှယ် ၂၂၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် အချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံးပြီး သက်တမ်းမှာ ၅ နှစ်တစ်ကြိမ်ဖြစ်သည်။ ကိုယ်စားလှယ် ၂၂၅ နေရာတွင် ၁၉၆ နေရာကို မဲဆန္ဒနယ် ၂၂ ခုမှ ရွေးကောက်တင်မြှောက်ပြီး ကျန် ၂၉ နေရာမှာ ပါတီများမှ အမည်စာရင်းတင်သွင်းခြင်းဖြစ်သည်။ ပြီးခဲ့သောရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ပြီး လက်ရှိ ပါလီမန်ဥက္ကဋ္ဌမှာ Karu Jayasuriya ဖြစ်ပြီး ဝန်ကြီးချုပ်မှာ Ranil Wickramasinghe ဖြစ်သည်။



## သီရိလင်္ကာ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး

၄။ သီရိလင်္ကာနှင့်မြန်မာနိုင်ငံတို့သည် ရှေးပဝေသဏီကပင် ထေရဝါဒဗုဒ္ဓသာသနာ စတင်ပြန့်ပွားမှုသည့် အချိန်ကပင် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး စတင်ခဲ့သည်။ ရှေးမြန်မာမင်းနိုင်ငံ (Ramanna) ရာမညမင်းဆက်မှစတင်၍ ဗုဒ္ဓစာပေများကို အပြန်အလှန်မျှဝေခြင်းများရှိခဲ့သည်။ ၁၁ ရာစုအစောပိုင်းတွင် ဗုဒ္ဓသာသနာပြုခြင်းနှင့်အတူ

သံတမန်ဆက်ဆံရေးလည်း ပတ်သက်ယှက်နွယ်မှုရှိခဲ့သည်။ အေဒီ ၁၀၅၅-၁၁၁၀တွင် ဝိဇယပါဟု (Vijayabahu I) လက်ထက် ခိုလတ်(Cholas) တို့နှင့် အကြီးအကျယ် တိုက်ပွဲဖြစ်ပွားနေစဉ် အနော်ရထာမင်းထံမှ စီးပွားရေးအကူအညီကို ရယူခဲ့သည်။ ထို့ကြောင့် သီရိလင်္ကာနှင့် မြန်မာနိုင်ငံဆက်ဆံရေးသည် နိုင်ငံရေးပတ်သက်နီးနွယ်မှု နှင့် ဗုဒ္ဓဘာသာပြန့်ပွားမှုတို့နှင့်အတူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ သည်။

၅။ ၁၉၄၉ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် မြန်မာနှင့် သီရိလင်္ကာတို့သည် သံတမန် ဆက်ဆံရေးကို စတင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ်နောက်ပိုင်း နှစ်နိုင်ငံအကြီးအကဲများ၏ အပြန်အလှန်ခရီးစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံမှ

(က) Hon.W.J.M Loku Bandara, ဗုဒ္ဓသာသနာရေးဝန်ကြီး(၂၀၀၃)

(ခ) Hon.Loku Bandara, လွှတ်တော်ဥက္ကဋ္ဌ (၂၀၀၅)

(ဂ) Hon.Mahinda Rajapakse, ဝန်ကြီးချုပ်(၂၀၀၄)၊ (၂၀၀၆)

(ဃ) နိုင်ငံနိုင်ငံခြားရေးရာ ပူးပေါင်းရေးကော်မရှင်ဝန်ကြီး(၂၀၀၇)

မြန်မာနိုင်ငံမှ

(က) ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် (၂၀၀၅)

(ခ) ဝန်ကြီးချုပ်ဦးသိန်းစိန် (၂၀၀၇)

(ဂ) နိုင်ငံခြားရေးဝန်ကြီး (ECOSOC တွင် တက်ရောက်ရန်)

၆။ သီရိလင်္ကာနိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်များမှာ လက်ဖက်ခြောက်၊ ဓာတ်ပို့ပိုလ်သီး၊ ဟင်းခတ်အမွှေးအကြိုင်၊ တာယာများ၊ အလှဆင်ပစ္စည်းများ (ကြွေထည်၊ သစ်စေး၊ အိမ်သုတ်ဆေး)၊ အဝတ်အစားအသုံးအဆောင်များ၊ ချည်ထည် ပစ္စည်းများ၊ ဗီရိုအသုံးအဆောင်များ၊ မီးခလုတ်ခုံများ၊ အလှဆင်ကျောက်များ၊ ဆေးဝါးပစ္စည်းများ၊ စည်သွပ်ဘူးများ၊ ပါစ်တာ စသည်တို့ဖြစ်သည်။

၇။ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ပို့ကုန်များ ပဲအမျိုးမျိုး၊ ကုလားပဲ၊ ဇီရာစေ့၊ ပုစွန်နှင့် ရေခဲရိုက်ငါးများ၊ ဟင်းခတ်အသုံးအဆောင်များ၊ သံနှင့်သံမဏိ၊ သစ်အချောထည်၊ ချည်ထည်များ၊ မှန်၊ သဘာဝသစ်ဥသစ်မြစ်များ၊ ပလပ်စတစ် အသုံးအဆောင်များ၊ စက်ပစ္စည်းများ စသည်တို့ဖြစ်သည်။